ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ( ၁၄ ) ရက်

# Shipping Circular (5/2012)

အကြောင်းအရာ။ Continuous Certificate of Discharge (CDC) စာအုပ် ပုံစံအသစ်ဖြင့် ပြောင်းလဲထုတ်ပေးမည့်ကိစ္စ

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံ ကုန်သည်သင်္ဘောများ အက်ဥပဒေ ပုဒ်မ ၄၃ နှင့် ၄၃(က) အရ ထုတ်ပေးလျှက်ရှိသော Continuous Certificate of Discharge (CDC) စာအုပ်များကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ ခေတ်နှင့် လျော်ညီသော လုံခြုံမှုစနစ်များ ထည့်သွင်းထားသည့် စာအုပ်ပုံစံအသစ်များဖြင့် လဲလှယ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ယခုထုတ်ပေးမည့် စာအုပ်ပုံစံအသစ်သည် နိုင်ငံတကာ စံနှုန်းနှင့်အညီ ၅ နှစ် သက်တမ်း ခွင့်ပြုမည်ဖြစ်ပြီး သက်တမ်းကုန်ဆုံးမည့်ရက်အား ထည့်သွင်းဖော်ပြထားပါသည်။ စာအုပ်အသစ်လဲလှယ်ပြီးပါက ယခင်မူလ စာအုပ်အဟောင်းအား ဌာနမှ သိမ်းဆည်းထားမည်မဟုတ်ဘဲ ပင်လယ်ပြင်လုပ်သက်မှတ်တမ်းအတွက် ဆက်လက်အသုံးပြုနိုင်ရန် ပြန်လည် ထုတ်ပေးထားမည်ဖြစ်ပါသည်။

၂။ ယခင်ထုတ်ပေးထားသော မူလစာအုပ်ပုံစံအဟောင်းများကို ကိုင်ဆောင်ထားကြသူများသည် ၃၁-၁၂-၂၀၁၄ ရက်နေ့အထိ ဆက်လက်ကိုင်ဆောင် အသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ယင်းသတ်မှတ် ရက် နောက်ဆုံးထား၍ အပြီးလဲလှယ်သွားရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း
မြန်မာသင်္ဘောသား ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း
သင်္ဘောသားအလုပ်အကိုင် ကြီးကြပ်ရေးဌာနခွဲသို့ သိရှိနိုင်ပါရန်နှင့် သင်္ဘောကုမ္ပဏီများသို့ ဖြန့်ဝေပေးနိုင်ပါရန်
စက်မှုဌာနခွဲ
ရေကြောင်းဌာနခွဲ
အုပ်ချုပ်ရေးဌာနခွဲ
ကြော်ငြာသင်ပုန်း
ရုံးလက်ခံ
မျှော